**လျှပ်စစ်သုံးမော်တော်ယာဉ်များ နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ အေးရှားဝေါလ်ဆိပ်ကမ်း (AWPT)၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) သို့ရောက်ရှိ**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် NCX MYANMAR CO.,LTD မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BRAND NEW ELECTRIC MOTORCYCLE WITH LI-ION BATTERY AND CHARGER ADAPTER၊ BRAND NAME: WUYANG HONDA၊ MODEL NO: WH1200DT-11(U-GO)၊ 2025 MDL၊ C/O: CHINA – (48)U သည် ၃-၈-၂၀၂၅ ရက်နေ့တွင် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့လည်းကောင်း၊ MYANMAR ARR THIT MAN MOTOR CO.,LTD မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BRAND NEW ELECTRIC MOTORCYCLE WITH CHARGING ADAPTER၊ BRAND NAME: YADEA၊ MODEL NO: T9၊ MDL 2024၊ C/O: CHINA – (224)U သည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) သို့လည်းကောင်း၊ EARTH RENEWABLE- ENERGY CO.,LTD မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BRAND NEW HATCKBACK (LHD)၊ BRAND NAME:၊ BYD E2၊ MDL 2025၊ C/O: CHINA – (15)U သည် ၁-၈-၂၀၂၅ ရက်နေ့တွင် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ အသီးသီးရောက်ရှိလာခဲ့ပါသည်။ အဆိုပါ Import Declaration ဖွင့်လှစ်ခဲ့သည့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် (၄၈)စီးသည် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) ၌ ၁၃-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် (၂၂၄)စီးသည် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ၁၃-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ လျှပ်စစ်သုံးမော်တော်ယာဉ် (၁၅)စီးသည် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) ၌ ၁၃-၈-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ပါဝင်သောပူးပေါင်း စစ်ဆေးရေးအဖွဲ့ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များအတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာပါ ခွင့်ပြုချက်များနှင့်တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ၁၈-၈-၂၀၂၅ ရက်နေ့တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထုတ်ပေးခဲ့ပါကြောင်း၊ အဆိုပါတင်သွင်းမှုများအတွက် အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိပါသည်။

အေးရှားဝေါလ်ဆိပ်ကမ်း(AWPT)သို့ တင်သွင်းလာသော
လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ မှတ်တမ်းဓာတ်ပုံ





## အေးရှားဝေါလ်ဆိပ်ကမ်း(AWPT)သို့ တင်သွင်းလာသော
## လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ






မြန်မာ့စက်မှုဆိပ်ကမ်း(MIP)သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ





**မြန်မာ့စက်မှုဆိပ်ကမ်း(MIP)သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ**

**စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ**





## အေးရှားဝေါလ်ဆိပ်ကမ်း(AWPT)သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ






**အေးရှားဝေါလ်ဆိပ်ကမ်း(AWPT)သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ**




